# ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် နေ့၌ချုပ်ဆိုသည့် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာနှင့် ယင်း၏အစည်းအဝေးမှတ်တမ်းအား နောက်ထပ် စမ်းသပ်ကာလ တစ်နှစ် သက်တမ်းတိုးမြှင့်ခြင်း သဘောတူညီချက်
# (၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် မှ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် အထိ)

ဤသဘောတူညီချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့က အောက်တွင်လက်မှတ်ရေးထိုးသော အခွင့်ရကိုယ်စားလှယ်များဖြင့် ချုပ်ဆိုလိုက်သည်။

"နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ" ၏ အပိုဒ် ၁၀ (ဤမှနောက်တွင် "နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ" ဟုရည်ညွှန်းသည်)၊ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ "အစည်းအဝေးမှတ်တမ်း" (ဤမှနောက်တွင် "အစည်းအဝေးမှတ်တမ်း" ဟုရည်ညွှန်းသည်)။

၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်၊ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီလ ၂၉ ရက် နှင့် ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီလ ၂၆ ရက်နေ့များတွင် သက်တမ်းတိုးမြှင့်ခဲ့သော နောက်ဆက်တွဲနားလည်မှုစာချွန်လွှာ နှင့် အစည်းအဝေးမှတ်တမ်းတို့ကို မှတ်သား၍

အောက်ပါအတိုင်း သဘောတူညီကြပါသည် -

၁။ စာချုပ်ဝင်နှစ်ဦးလုံးသည် နောက်ဆက်တွဲ နားလည်မှုစာချွန်လွှာနှင့် ယင်း၏လိုအပ်သော အစိတ်အပိုင်းဖြစ်သည့် အစည်းအဝေးမှတ်တမ်းအား အလားတူ စမ်းသပ်မှုအခြေခံအဖြစ် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက် နေ့မှစ၍ တစ်နှစ်ဖြစ်သည့် ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် နေ့အထိ သက်တမ်းတိုးမြှင့်ရန် သဘောတူညီကြပါသည်။

၂။ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် အစည်းအဝေးမှတ်တမ်း၏ ရည်ရွယ်ချက်နှင့်စာသားများမှာမူလအတိုင်း မပြောင်းမလဲ တည်ရှိသည်။

၃။ နောက်ဆက်တွဲနားလည်မှုစာချွန်လွှာနှင့် အစည်းအဝေးမှတ်တမ်းသည် အောက်တွင်ဖော်ပြထားသော စာချုပ်ဝင်များ၏ အခွင့်ရကိုယ်စားလှယ်များက လက်မှတ်ရေးထိုးသည့်အခါ ဥပဒေကြောင်းအရ ဆက်လက်အကျိုးသက်ရောက်မှု ရှိမြဲရှိစေရမည်။

၄။ ဤသဘောတူညီချက်ကို နောက်တစ်ကြိမ်ကျင်းပမည့် အုပ်ချုပ်မှုအဖွဲ့ အစည်းအဝေးသို့ တင်သွင်းသွားမည်ဖြစ်ပါသည်။

ဤသဘောတူညီချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နေပြည်တော်တွင် ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့၌ ချုပ်ဆိုကြပါသည်။

| | |
|---|---|
| x x x x | x x x x |
| (ဦးတင်ထွန်းအောင်)<br>ဒုတိယဝန်ကြီး<br>အလုပ်သမားဝန်ကြီးဌာန<br>မြန်မာနိုင်ငံတော်အစိုးရ | (မစ္စတာဂိုင်းရိုင်ဒါ)<br>အမှုဆောင်ညွှန်ကြားရေးမှူး<br>အပြည်ပြည်ဆိုင်ရာ<br>အလုပ်သမားရေးရာအဖွဲ့ |